# မြေခရွက်ဝါ

## တက္ကသိုလ်ဘုန်းနိုင်

## (၁)

ယုံမယုံမှာ သင့်အလိုအတိုင်းသာရှိပါစေတော့….။

သို့ရာတွင် တစ်ရွက် နှစ်ရွက် သုံး လေးရွက်သည် ရွက်ဝါမြေခ တိုင်ပြီဆိုပါစို့….။

လိမ့်ကာ လိမ့်ကာ လူးလွန့်၍ ပင်စွန့်ရွေလွှာ မြေမှာဖုံးပြီဆိုပါစို့….။

ရော်ရွက်ဝါဖုံး မြေအလုံးကို ဖျော့ဖျော့လရောင် မှုန်းပြီဆိုပါစို့….။

ရွှေဂူရွာ၏လရောင်ပက်သော ကပြင်စွန်းမှ ပုံပြင်ဝယ် သီ၊ သီမောင် နှင့် သီအစ်ကိုတို့ကို မြင်ရကြောင်း ထည့်သွင်း ပြောလေ့မဆုံးရှိကြသည်။

ယုံမယုံမှာ သင့်အလိုအတိုင်းသာရှိပါစေတော့….။

## (၂)

ရွှေဝါရွက်တို့သည် လေရူးကြောင့် တဝေ့ဝေ့ ကြွေကျနေသည်။ ဝေ့ကာလည်ကာနှင့် ဝဲ၍ ဝဲ၍ ကြွေသက်နေသည်။ မြေသလင်းဝယ် လိမ့်ကာလိမ့်ကာနှင့် လွင့်ပါးနေကြသည်။ မြေသလင်းဖြူဖြူဝယ် ရွှေဝါရောင်ဖုံးနေတော့သည်။ ရွာမြောက်ဘက်တောင်ခြေရှိ တောရိပ်မှ စမ်းချောင်းငယ်ကလေးအား မြင်ကြည့်လိုက်စမ်းပါ စာဖတ်သူ….။ ကွေ့ကာ လည်ကာနှင့် စီးဆင်းနေပါ၏။ ရေယဉ်သည် ကျောက်သလင်းဖြူဖြူကလေးများအား ကျော်ဖြတ် လျှောသပ်လိုက်သည့်အခါ တလက်လက်နှင့် အရောင်ပြက်လိုက်ပါသေး၏။ ဆိတ်သုဉ်းသော ကျောက်ဆောင်အိုကြီးနှင့် ဦးတိုက်မိပြန်ပေပြီ။ အမြွှာအမြွှာဖြင့် ဖြူဖွေးသော ရေပန်းဂယက်ကလေးများ ဖြာထွက်သွားစဉ်တွင် စမ်းချောင်း၏ တေးပဉ္စင်သည် သဲ့သဲ့ညည်း ညူထွက်ပေါ်လာသည်။

စမ်းချောင်း၏ တေးပဉ္စင်….၊ နောက် ကြွေခိုက်ရွက်ဝါတို့၏ ပွတ်တိုက်သံ၊ သြော်– တောရိပ်ညိုမှ ဉသြသံချိုချို။ ဒါပါပဲ၊ ဒါလောက်ပါပဲ။ ပတ်ဝန်းကျင်တစ်ခုလုံးမှာ တိတ်ဆိတ်နေပါ၏။ သွေ့သောနွေမှာပီပီ ခြောက်ကပ်နေပါ၏။

ငိုက်မျဉ်းဖွယ်ပင်ကောင်းနေပါ၏။ ရေစပ် သဲခုံဖြူနုနုဝယ် လျောင်းစက်လိုက်မည် ကြံပါသလား၊ ချစ်သောစာဖတ်သူ။

သို့သော် သင့်အရင်လည်း လျောင်းဖူးသူများကရှိနေသေးသည်။

စမ်းချောင်းဘေး မြေလမ်းစွန်းဝယ် ပိတောက်ပင်ညိုညိုသည် မတုန်မလှုပ်ရပ်နေပါ၏။ ပိတောက်ရိပ်မှာမူ မြေမို့မို့ သုံးခု....။

ကပ်ကမ္ဘာ၏ ဘယ်ဆီကစခဲ့သည်မသိ၊ ရွက်ဝါတွေသည် နွေသစ်လျှင် ပင်မကိုစွန့်ခွာကြတတ်ပါ၏။ ကျောက်ဆောင်အိုအား ကွေ့ပတ်စဉ် စမ်းချောင်းကလေးသည် နွေအတွက်တေးပဥ္စင်အား သဲ့သဲ့ရှိုက်တတ်ပါသေး၏။ ကပ်ကမ္ဘာ၏ ဘယ်နံရောအခါက စခဲ့လေပြီမသိ။

မြေမို့မို့တို့သည်သာ စခဲ့သော လူ့လက်ရာအား ပြသနေပါ၏။ ဤမြေမို့မို့တို့ မပေါ်မီကပင် ရွက်ဝါနှင့် နွေတေး ပဥ္စင်သည်ရှိခဲ့ပေမည်။ ရွက်ဝါကြွေခြင်းနှင့် နွေတေးမူ မဆုံးသေး။ ဘယ်သောအခါမှလည်း ဆုံးအံ့မထင်။ သို့သော် မြေသည်တော့မူ ပိတောက်ရိပ်ဝယ် မို့ခဲ့ပေပြီ။

ပိတောက်တစ်ရွက်သည် ဖြည်းညင်းစွာပင် ကြွေဆင်းလာသည်။ ညင်သာစွာပင် စမ်းရေပြင်ပေါ် သက်လိုက်သည်။ တစ်ပတ်မျှဝေ့လည်လိုက်ပြီး ကော့ရရော့နှင့် လှျပ်လှျပ်ပေါ်ပေါ်ကာ၊ ရေကြောကို စုန်ဆင်းနေပါ၏။ ကျောက်ဆောင်အားလည်း ကွေ့ပတ်ပေဦးမည်။ ကမ်းရိပ်ကိုလည်းတိုက်ပေဦးမည်။ သို့သော်ရွက်ဝါ၏ခရီးဆုံးအား မျှော်ပါ။ ဘယ်အခါ၌ ဆုံးပေအံ့နည်း။

ခြေသွားလမ်းငယ်တလျှောက်လည်း အသာလျှောက်လိုက်ကြည့်ပါ။ လူသူကင်းမဲ့သော ခြံကျယ်ကြီးတစ်ခုအား ဖြတ်သွားပေမည်။ ရွာသို့ဝင်ပါ၏။ ရွာကိုလွန်ပါ၏။ ဘယ်ဆီ၌ဆုံးမည်မသိ။

မြေမို့သုံးခုသည်သာ အဆုံး၏ သရုပ်ဖြစ်ပါ၏။ လူတို့မည်သည် အဆုံးအားတွေ့လျှင် အကြောင်းခံဖြစ်သော အစအား ရှာချင်တတ်ပါ၏။ အစ တွေ့၍ ဆုံးသော် အစ။

ရွှေဂူရွာအထွက် မြေမို့သုံးခုမှာ ပြန်လည်စဖွယ်ရာသော အဆုံးဖြစ်နေပါ၏။

အထူးသဖြင့် ရွက်ဝါတွေကြွေပြီဆိုပါစို့။ မြေသလင်းဝယ် ရွှေဝါရောင်ရော်ရွက်တွေ ဖုံးပြီဆိုပါစို့။

သည်လို ရွက်ဝါသဲသဲဝယ် ငွေလရောင်ဖျော့ဖျော့သည် ကျဆင်းပြီဆိုမှဖြင့်လျှင်....

# (၃)

## မြင်းညိုရှင်

သီ…သီက ရွက်ဝါသဲသဲဝယ် စမ်းချောင်းဘေးမှငေးလျက်နေခဲ့ရသည်။

သို့ပတ်ဝန်းကျင်မှာ နွေသစ်သစ်ပင် ဖြစ်ပါ၏။

ပိတောက်ရွက်ဝါဝါတို့သည် သို့ခြေရင်းဆီသို့ခုန်ဆင်းကျနေသည်။ လေအဝှေ့ဝယ် ဝေ့ကာဝေ့ကာနှင့် သို့ခြေရင်းမှ ရွက်ဝါတွေသည် လွင့်ပါးသွားကြပြန်သည်၊ အဝေးသို့….။

သို့အတွက်လည်း အဝေးသို့ပင် မျှော်နေရပါ၏။ သို့အဝေးသို့မှာ ဘယ်ဆီဆုံးမည်မသိသော အဝေးသို့မှ တကယ့်အဝေးသို့….။

နွေသစ်သစ်မှာ သီက သို့မောင်ကို မျှော်ပါ၏။ သို့မျှော်စဉ် စမ်းချောင်းနှင့် ပြိုင်၍ သို့မျက်ရည်တွေလည်းသွန်ခဲ့ရပါ၏။

သည်လို ရွက်ဝါသဲသော နွေသစ်သစ်မှာပင် သီ…မောင်နှင့်တွေ့ခဲ့ရပါ၏။

သို့မောင်က မြင်းညိုကြီးကိုစီးကာ ရွှေဂူရွာသို့ ရောက်လာတတ်ပါ၏။ သည်လိုရောက်လာတိုင်း သီတို့ခြံဝကဖြတ်ဖြတ်သွားသော ယောကျ်ားပီသသည့်မောင့်ကို သီကခိုး၍ခိုး၍ကြည့်ခဲ့ရလေသည်။

မနှစ်က နွေတုန်းကမှ သီနှင့်မောင် စတင်သိခဲ့ကြသည်။ သီက သို့မောင်အား နာမည်အစား မောင် ဟုသာ ခေါ်ချင်ပါ၏။ မောင်….ဟုသာ ခေါ်ခဲ့ရပါ၏။

သည်တုန်းက မောင့်ခမျာ တော်တော်မောနေရှာသည်။ မြင်းညိုကြီးကို သီတို့ခြံဝတွင် ဆိုက်နားစေရင်း ရေတောင်းသောက်သည်။ သို့မေမေ မရှိတုန်းမို့ သီကိုယ်တိုင် ရေခပ်ပေးခဲ့သည်။

သို့မောင်က ခံ့ညားနေပါ၏။ မောင့်ခါးဘေးဝယ် ဓားရှည်ကြီးတစ်စင်းသည် ဝင့်ကြွားစွာ တွဲလွဲကျဆင်းနေသည်။ မောင့် သစ်ခေါက်ဆိုး ဖျဉ်ညိုအင်္ကျီရင်ဘတ်ပေါ်၌လည်း အစိမ်းခံ၍ ငွေမျှဉ်းသုံးကြောင်း ပြိုင်လျက်ရှိကာ အလယ်မျဉ်းကြောင်းပေါ်ဝယ် ကြယ်တစ်ပွင့်ပါသော အမှတ်အသားတစ်ခုရှိသည်။

မောင်သည် ဘီ–ဒီ–အေ စစ်ဗိုလ်ကလေးတစ်ဦးဖြစ်ပါ၏။ ရေသောက်ပြီးသော်လည်း မောင်သည် မပြန်သေးဘဲ ကက်ဦးထုပ်အောက်မှ ခပ်ညိုညိုမျက်လုံးများနှင့် သို့ကိုကြည့်ရင်း စကားဆိုသည်။

"ခါတိုင်းတော့ အိမ်ထဲမှာပဲ ပုန်းနေရော့သလားခင်ဗျာ...."

မောင့်အသံမှာ ယဉ်ကျေးနူးညံ့သော်လည်း မေးခွန်းမှာမူစစ်သားပီပီ လောကဝတ်မဆန်ပါပေ။ သီပသွားလှဲ့လှဲ့ကလေးတွေပေါ်သည့်တိုင်အောင် ပြုံးလိုက်မိသေးသည်။

"မြင်းညိုကြီး ခွာသံကြားတိုင်း သီ ပုန်းပုန်းနေတာပေါ့"

မောင့်အမူအရာသည် ရိုးလွန်းလေသည်။ ရိုးအသော ယောက်ျားလေးများအား မိန်းမပျိုကလေးတို့သည် စချင်ကြသည်။ ဒါကြောင့် သီကမောင့်ကို လှောင်နေသည်။ မောင့်မျက်နှာမှာ ညိုကျသွားသည်။

"စစ်သားမို့လို့ကြောက်ပါသလား....ခင်ဗျာ"

ဒါပေမယ့် မောင့်အသံမှာ ကြောက်စရာလည်း တစ်ကွက်မှ သီမတွေ့ပါလား....။

"အံမယ်....သီကစစ်သားမပြောနဲ့၊ စစ်ဗိုလ်တောင်မကြောင်ဘူး....သိလား...."

သီကန္တဲ့ဆိုးဆိုးသော ကလေးလေးနှင့်တူနေပါ၏။

"သြော်....စစ်ဗိုလ်တောင် သီမကြောက်ဘူး ဟုတ်လားဗျနော်"

"သို့အစ်ကိုက ဗိုလ်မှူးကြီးရှင့်...."

"ခင်ဗျာ...."

မောင့်မှာလည်းအံ့သြသွားသည်။

" ဗိုလ်မှူး ဘယ်သူပါလဲခင်ဗျာ...."

" ဗိုလ်မှူးထွန်းခိုင် တဲ့...."

"သြော.... ဗိုလ်မှူးထွန်းခိုင် တဲ့လား...."

"ဟုတ်တယ်ရှင့်၊ ရှင်တို့ဗိုလ်မှူးများလား...."

"ကျွန်တော်တို့ ဗိုလ်မှူးကတော့ စိန်ဝင်း တဲ့ခင်ဗျာ...."

မောင်က ခပ်ရွှန်းရွှန်းပြောသဖြင့် သီမှာရယ်လိုက်ရသေးသည်။

"ရှင့်ဗိုလ်မှူးဟာ အစ်ကိုကြီးမဟုတ်တာ ကံကောင်းတာပေါ့"

"ခင်ဗျာ...."

"သြော်....သီ့အစ်ကိုက သီ့ကိုဘယ်ယောကျ်ားလေးနဲ့မှ စကားပြောတာ ဆက်ဆံတာကို မကြိုက်ဘူး၊ ရှင့်ဗိုလ်မှူးဖြစ်လို့ခုသီနဲ့စကားပြောခဲ့တာများ ပြန်ပြောမိရင် ရှင်ဒုက္ခပေါ့...."

မောင်ကငိုင်နေသည်။ အတန်ကြာမှသီက ရေမရှိတော့သော ခွက်ကလေးအားကိုင်ထားရာမှ သတိပေးလိုက်ရသည်။

"ဟော....ရှင့်မြင်းညိုကြီးကခွာရှုပ်နေပြီ၊ ပြေးချင်လှပြီထင်ပါရဲ့...."

မောင်က ခုမှ သတိရကာ မြင်းဇက်ကို တင်းလိုက်ရင်း ခါးကိုစန့်၍ ခံ့ခံ့ကြီးလုပ်လိုက်သည်။

"နောက်တစ်ခါ မြင်းညိုကြီး ခွာသံကြားရင်ပုန်းနေဦးမှာလား...."

မောင်ကလည်း ကလေးလေးနှင့်တူနေပါ၏။

"ရှင်ကကော နောင်ကိုရေတောင်းသောက်ဦးမှာလား"

မောင်က လှိုက်လှိုက်လှဲလှဲကြီး ပြုံးလိုက်ကာ မြင်းညိုကြီးအား ဒုန်းစိုင်းထွက်သွားသည်။ ဒါပေမယ့် ဖုန်လုံးကြားမှာ ပျောက်သွားသည်အထိ မောင့်ခေါင်းမှာ သမင်လည်ပြန်ဖြစ်နေသည်။ သီကလည်း မောင်သောက်သွားသည့် ရေခွက်ကလေးအား ရင်မှာပိုက်ရင်း မောင့်ကို ခြံဝင်းမှနေ၍ မျက်စိတဆုံးကြည့်မျှော်ကျန်ရစ်သည်။

မောင်....မောင်....သီ့မောင်။ ။

# (၄)

## နွေရိပ်မှ အချစ်

နွေဦး၏ လေရူးသည် ဝေ့ကာ ဝေ့ကာ ဟေ့လာပါ၏။ လေ၏အဟုပတွင် ဖုန်မှုန့်တို့သည် ရွက်ဝါတို့နှင့်အတူ တသောသော လွင့်ပါးနေကြသည်။

ပိတောက်ရိပ်မှာ သီက ငေးဆဲ။

မြေသင်းနံ့သည် ပျံ့ပျံ့ပြူးနေသည်။ နွေ၏အနံ့အသက်ကလေးများသည် သို့နှာသီးဝကို တို့နမ်းနေသည်။

ကော့ရကော့ရွက်ဝါတို့ ရွက်လွင့်နေသည့် စမ်းချောင်း၏ တေးပဉ္စင်အားလည်း သီမကြားမိ။

သီက တိမ်လွှာနုခရီးသည်တို့ တအိအိရွေ့လျားနေသည့် မိုးပြင်ဆီသို့သာ ငေးကြည့်နေမိသည်။

မိုးပြင်သည် သန့်သန့်ပြာစင်နေပါ၏။ မိုးပြင်၏ရောင်ပြန်ဟပ်သဖြင့် နွေနေ့လည်ပင် ခပ်ပြာပြာဖြစ်နေသည်။

သို့ရှေ့တွင် လေပွေမွှေ့သဖြင့် သစ်ရွက် မြက်ခြောက် ဖုန်မှုန့်တို့သည် ဝဲကာ လည်ကာနှင့် မိုးပြင်သို့ကွေ့ပတ်တက်နေကြသည်။ အမြင့်မှာ ဝဲ၍ဝဲ၍ ချားရဟတ်လှည့်နေသည့် စွန်ငှက်တသိုက်သည် လေပွေ၏တက်လာခြင်းကိုမမှုဘဲ မမူးတမ်း လည်ပတ်နေကြသည်။ သီ၏ဖြူဖြူနုသော ရုပ်သည် ပိတောက်ပင်ခြေတွင် ရပ်တည်နေသော်လည်း သို့နာမ်သည်မူ ရော်ရွက်တို့နှင့်အတူ လေရူး၏ရှေ့မှလွင့်ပါးနေသည်။

သို့မှာသာ အတောင်ပံရှိပါမူ စွန်ငှက်တွေလို သက်သက်မဲ့သားတော့ မမူးတမ်းလည်ပတ်မနေချင်တော့။ ပေါ့ပေါ့ပါးပါးဆိုလျှင် သီသည် မသိသော မောင့်ဌာနီဆီသို့သာ ပျံသွားမိမည်ဖြစ်ပါ၏။ ဒါပေမယ့် သို့မှာ အတောင်ပံမရှိပါ။ ပြီးတော့ ပေါ့ပေါ့ပါးပါး ပြေးသွားရန်မှာပင် သီသည် ပေါ့ပေါ့ပါးပါး မဟုတ်တော့ပါ။ သီက ဝမ်းတွင် မောင့်သွေးလေးအား ပွေ့ပိုက်ထားရပါ၏။

ရွှေဂူသို့ မောင် မြင်းညိုကြီးနှင့် နှစ်ကြိမ်ရောက်ပြီး၍ သီက နှစ်ကြိမ် ရေခပ်ပေးပြီးသောအခါမောင်သည် သို့အားချစ်ရေးဆိုပါ၏။

သီသည်ကောင်းစွာမှတ်မိပါသေး၏။ သည်တုန်းက မောင်သည် မျက်နှာကြီးနီနေကာ ရှက်ကိုးရှက်ကန်းဖြစ်လျက် တတွတ်တွတ်မေးနေသည်။ သီကိုယ်တိုင်လည်း အဖြေမပေးဘဲ အတန်ကြာ ငြိမ်နေမိသေးသည်။ နောက်မှ ခေါင်းညိတ်ပြမိပြီး ရှက်လှသဖြင့် အိမ်ထဲသို့ တခါတည်း ပြေးဝင်ခဲ့သည်။

နောက် မောင်လာတိုင်း စမ်းချောင်းဘေးဝယ် ချစ်တင်းနှောခဲ့ကြသည်။ ချစ်တုံ့တင်ခဲ့ကြသည်။

သီကမောင့်ကို ချစ်ပါ၏။ တုန်နေအောင်ပင် ချစ်ပါ၏။ မောင်ကလည်းသို့ကို မျိုထားမတတ်ချစ်သည်။ အို....ဘယ်ဆီနေမှန်းမသိသေးသည့် သားလေးအတွက်ပင်....မောင်က နာမည်ရွေးထားနှင့်သည်။ ဘယ်လောက်များချစ်တတ်လိုက်သည့်မောင်ပါလဲ။

ဒီလိုချစ်သောကြောင့်ပင် ယောကျ်ားတွေနှင့် သီ....ဆက်ဆံခြင်းကို အလွန်မုန်းသော သို့အစ်ကိုကြီးကိုပင် သီမကြောက်တော့။

သို့အစ်ကိုကြီးမှာ တိုင်းပြည်၏သားကောင်းတစ်ယောက်ဖြစ်ပါ၏။ သို့ရာတွင်....လူကောင်းတစ်ယောက်မဟုတ်ပါ။ အမျိုးကိုချစ်သောသူတစ်ယောက်ဖြစ်ပါ၏။ သို့ရာတွင်....မျိုးဆက်ရှည်ရေးကို မေ့နေသူတစ်ဦးဖြစ်ပါ၏။

ငယ်စဉ်ကျောင်း၌ရှိစဉ်ကတည်းက တိုင်းပြည်ရေးကိုသာ တွေးတော၍ တိုင်းပြည်ရေးကိုသာ ရှေ့ရှုခဲ့ပါ၏။အစ်ကိုကြီး၏အာရုံတွင် ဗမာ့လွတ်လပ်ရေးကိုသာ စက္ကန့်မပြတ် တွေးနေတတ်သည်။ သို့ကြောင့်ပင် အချစ်ဆိုတာကို သတိမရ၊ မသိ။ ဗမာ့လွတ်လပ်ရေးတပ်မတော်သို့ ယိုးဒယားမှစဝင်ရောက်ခဲ့ပြန်ရာ တာဝန်ကြီးများထမ်းဆောင်လာရသည်နှင့်အမျှ စိတ်ကူးယဉ်လောကနှင့် ဝေးသထက်....ဝေးလာခဲ့သူဖြစ်လေသည်။

သို့ကြောင့်ပင် သို့အပေါ်လည်း ကိုယ်ချင်းမစာတတ်။ သူကိုယ်တိုင် လူမဆန်သဖြင့် သူ့နှမကို လည်း လူမဆန်စေခဲ့။

ဗိုလ်မှူးကြီးတစ်ယောက်ဖြစ်သည်အထိ သီတို့သားအမိကို တောကျလှသောရွှေဂူရွာမှာ ထားခဲ့ပါ၏။ ခေတ်ကာလ၏ ပညာရေးကို မနှစ်မြို့၊ အထင်မကြီးခဲ့သဖြင့် သီ့အားကျောင်းတွင်တာရှည်မထား။ သီ့ပညာရေးကို သူကသာ တာဝန်ယူခဲ့ပါ၏။ သူသင်သောပညာမှာ....အင်မတန်ခြောက်သွေ့သော နိုင်ငံရေးရာများသာဖြစ်ပါ၏။

သီ့အစ်ကိုကြီး၏အာဏာမှာပြင်းလှပါ၏၊ သည်လောက်ချောင်ကျသော တောမှာဖြစ်သော်လည်း....နေရာတကာ လူစွာလုပ်တတ်သည့် ရွှေဂူသူကြီးသား စိန်ထွန်းပင်မှ သီတို့ခြံနား မကပ်ရဲ။

သီသည်လှောင်အိမ်၌မိနေသော ချိုးငှက်မလေးသာ ဖြစ်နေသည်။ သီသည် အင်မတန်မှ သွေးသားဆူဖြိုး၍....ကျန်းမာသောသူကလေးဖြစ်ပါ၏။ နောက်....စိတ်ကူးယဉ်တတ်သော မိန်းကလေး တစ်ဦးလည်းဖြစ်ပါသေးသည်။

သည်ကြားထဲ မောင် ဆိုတဲ့ မောင်က ကြံကြံဖန်ဖန် ရွှေဂူသို့ ရောက်လာရသည်။ မောင်သည် ခွင့်နှင့် အနားယူကာ ပေါင်းတလည်၌ ခေတ္တလာနေသူ ဖြစ်ပါ၏။ ဒီအတွင်း....သီနှင့်သာ တွေ့ခဲ့ကြသည်။

ခုတော့....မောင်ဘယ်မှာပါလဲ။

# (၅)

## မျက်ရည်နှင့်အချစ်

ရွက်ဝါတို့ ကြွေလွင့်ပြီဖြစ်သဖြင့် ပိတောက်ပင်ညိုသည် အရိုးကျဲကျဲနှင့် ပူပြင်းသောနေအောက်ဝယ် ပျင်းရိစွာ ရပ်တည်နေသည်။

ညိုမောင်းသော တောအရေးဝယ်....ရွှေဝါနှင့်မြညွှန့်သစ်သစ်တို့ ရောယှက်မြင်နိုင်သည်။ ထိုစဉ် ဥဩဖော်ကွဲကလည်း လေးတွဲ့တွဲ့ညည်းညူနေပါ၏။

သီက လက်ထဲတွင် ညှိုးခြောက်နေသော ရွက်ဝါများအား စုဆောင်းကောက်ယူထားသည်။ ဖြည်းဖြည်းချင်း အမှတ်မထင် တစ်ရွက်ပြီး တစ်ရွက် လွှတ်ချနေမိသည်။

သီနှင့်မောင် နောက်ဆုံး တွေ့သည့်အချိန်ဝယ် ရွက်တွေလည်းမဝါသေး။ ဥသြပင်မှ ဆောင်းချမ်းချမ်းဝယ် ကွေးကောင်းတုန်းရှိသေးသည်။

မောင်....လာတိုင်း သီက....သို့မေမေ မသိအောင် စမ်းချောင်းလေး ဘေးတွင် တွေ့လေ့ရှိ၏။ ကျယ်ပြန့်သော မောင့်ရင်အုံကိုမှီရင်း ရေပြင်မှာထင်နေသည့် မောင်နှင့်မိမိတို့၏ပုံကို သီက နှစ်ခြိုက်စွာကြည့်နေလေ့ရှိသည်။ ဂယက်လှိုင်းများကြားမှ မောင်နှင့်သီသည် ရှေးဟောင်းပုံပြင်၏ ဇာပုဝါနအောက်မှ မင်းသား မင်းသမီးကလေးတို့နှင့်....တူသည်ဟုသီကထင်သည်။

ဒီကြားထဲ မောင်က ရုတ်တရက်....သို့ကို ပြုံးခိုင်းပါသေးသည်။ သီက အသာပြုံးလိုက်သည့်အခါ 'အဲ....အဲ တထေရာတည်းပါပဲ' ဟုမောင်ကမှတ်ချက်ချတတ်သည်။

"ဘာ....တထေရာတည်းလဲ မောင်ရ"

ဗမာင်က သို့မေးဖျားလေးကို အသာအယာကိုက်ခဲထားတတ်သည်။ မောင့်အဖြေကတော့ လှိုင်းကြက်ခွပ်တွေထနေသည့် ရေပြင်သည် ပါးချိုင့်လေးပေါ်အောင်ပြုံးနေသည့် သို့မျက်နှာလေးနှင့်တူသည် ဟူသတည်း။

ဗမာင်သည် ကာလကောင်းစဉ်အခါက ကောလိပ်ဝယ် အပိုမြန်မာစာကို ယူခဲ့ဖူးဟုဆိုသည်။ ဒါကြောင့်....မောင်သည်ကဗျာဆန်ရပေမည်။ ပြီးတော့ မောင့်ဖေဖေသည် မြို့အုပ်တစ်ယောက်ဖြစ်ကြောင်း နာမည် နေရပ်နှင့်တကွ သီ သိရသည်။

ခုနေတော့....မောင့်မှာ မိမိကိုယ်ကိုပင် အစိုးမရသည့် စစ်သားဘဝမှာရှိနေပါ၏။ သည်လို မရေရာသောဘဝမှာ သနားစရာမောင်မို့ သီကသို့တကိုယ်လုံးကို ပုံ၍အပ်ခဲ့သည်။ သစ္စာရှိပေမယ့်လည်း မောင်သည် ရဟန္တာမဟုတ်ပါ။

ဆောင်းကုန်နွေလုမှာ မောင်တစ်ခေါက်ရောက်ခဲ့သည်။ ဒီတစ်ခါတော့ မြင်း ညိုကြီးလည်းမပါ။ စစ်ဝတ်တန်ဆာလည်းမဆင်။ ပြီးတော့....မောင့်မျက်နှာလည်းမကောင်း။

မောင်က....ရှေးဦးစွာ မောင်တို့တပ်ရင်းသို့ သို့အစ်ကိုပြောင်းလာအုပ်ချုပ်ကြောင်းကို ပြောပြသည်။ အချစ်တရားလိုက်စားခြင်း နှင့် အရက်သေစာ သောက်စားခြင်းကို.... တပ်သားများအပေါ် ပြင်းထန်စွာပညတ်တားမြစ်ကြောင်းကိုလည်း ပြောပြသေးသည်။

နောက် မောင်က စစ်ထွက်ရမည်ဟုဆိုသည်။ မောင် စစ်ထွက်မည့်အရပ်မှာ ဗမာပြည်ပေါ်တွင်ပင်ဖြစ်လေသည်။ ဘယ်ရန်သူကိုများတိုက်မလို့လဲ မောင်ရယ်....။

မောင်က သို့ကိုချစ်သည်ဆိုသော်လည်း....တစ်ခါတရံ လျှို့ဝှက်လွန်းသည်ဟု သီထင်သည်။ သီက မရမက မေးသည့်အခါ စကားလွှဲပစ်တတ်သည်။

ခုတော့....မောင်သည် ဘယ်ဆီမှာမသိ။ မောင်ပြန်သွားခါမှ မောင့်ရင်သွေးကလေး ရင်မှာကျန်ရစ်ကြောင်း သီ သိလာရသည်။

တစ်လ၊ နှစ်လ၊ သီက လက်ချိုးရေတွက်မိသည်။ တပို့တွဲသုဉ်း၍....ပေါက်လဲသော်မှ တုံးခဲ့ပြီ။ တပေါင်းကျွမ်း၍....ကန့်ကော်ပင်လျှင်နွမ်းခဲ့ပေပြီ။ တန်ခူးကကျူး၍....မုတ်သုန်သည် မြူးခဲ့ချေပြီ။

သီက အသာပင် ရှိုက်လိုက်သည်။

မောင်က မပေါ်လာ၊ သစ္စာရှိသော မောင့်ကို သီ အထင်မလွဲရက်၊ ဒါပေမယ့် .... မဖုံးနိုင်သောဝန်နှင့် ကြောက်သောအစ်ကို့ကို သီက ဘယ်လိုများရင်ဆိုင်ဝံ့ပါမတုံး။

သီသည် စမ်းချောင်းနျင့်ပြိုင်ကာ မျက်ရည်ကိုသွန်သည်။ နွေ၏တေးပဍင်ကိုလည်း သီမကြားမိ။ သို့မှာလည်း....အတောင်ပံမရှိ။

"မောင်....အချိန်မီ ပြန်မလာရင်လေ သို့အလောင်းကို စမ်းချောင်းဘေးမှာပဲ ရှာတော့....မောင်ရေ့"

## (၆)

## သွေးနှင့်အချစ်

သို့မောင်....။ သို့မောင်က သို့အစ်ကိုနှင့်အတူ ရွှေဂူမှ မိုင်သုံးဆယ်ကျော်ကွာဝေးသော မြောက်ဘက်တစ်နေရာမှာ ရောက်ရှိနေသည်။ မောင်တို့မှာ....တပ်စခန်း သတ်သတ်မရှိ။ ကျေးရွာ၏ အိမ်များ၌ ရပ်ဖျက်ကာနေရသည်။ အမေ ဟုတစ်ခွန်းခေါ်လျှင် အမယ်အိုတိုင်းက ရဲဘော်များ၏ ဝမ်းကို ပြည့်စေပါ၏။

မောင်က ရွာဦးနတ်စဉ်ဘေးမှ ငေးနေသည်။ မောင့်ရှေ့ကမှာ တောင်မြေဆီသို့ ပြန့်ထွက်သွားသော လယ်ကွင်းများအားမြင်နေရသည်။ မြေရှားပါးရာ ဖြစ်သဖြင့် လယ်များမကျယ်၊ ကျဉ်းသည်။

လေအဝှေ့တွင် ရိုးပြတ်များဆီမှ သင်းရနံ့သည် ဝေ့ပါလာသည်။ ရိုးပြတ်နံ့သင်းလျှင် မောင်က စမ်းချောင်းဘေးမှ သို့ကိုယ်သင်းနံ့ကို လွမ်းပါ၏။ ရိုးပြတ်နံ့သင်းမှ မဟုတ်….၊သစ်ရွက်ကြွေလျှင်လည်း သို့ကိုလွမ်းပါ၏။ နှင်းကျလျှင်လည်း လွမ်းပါ၏။ အို…. နေဝင် နေထွက်ပင်မှ မောင် သို့ကိုလွမ်းမိသည်။

ထိုစဉ်….မောင့်နောက်ပါးမှ ခြေသံကြားသည်။

သို့အစ်ကို….။

မောင်က သတိအနေနှင့် ရပ်နေစဉ် သို့အစ်ကိုက အမိန့်ချသည်။

တောင်ကုတ်မှ ဆုတ်လာသော ဂျပန်များသည် ပန်းတောင်းမှတဆင့် ပြည်သို့ ကူးပါ၏။ အချို့တပ်ကြီးများသည် ပြည်မှ ဝက်ထီးကန် တဝိုက်ရှိ တောရိပ်ကိုခိုကာ ပဲခူးရိုးမ ဆီသို့ ရှေးရှု ချီတက်ကြသည်။

စိတ်ဓာတ်ပျက်နေသော်လည်း ဂျပန်တပ်များမှာ အင်အားကြီးမားလှပါ၏။ လက်တဆုပ် မျှသာရှိသော ဗမာတပ်ကလေးက တိုက်ရန်မလို။ တိုက်၍နိုင်သည့်တိုင်အောင် လည်း အကျိုးမရှိ။ လူနှင့်ဝေးရာ တောင်များဆီ ရောက်ကာမှ စီရင်သင့်လျှင် စီရင်ရပေမည်။

ဂျပန်တပ်တွေသည် မည်သူ့အားမှ မနှောင့်ယှက်။ အေးချမ်းစွာ တောတလျှောက် ဖြတ်သွားကြစဉ် နောက်မှလိုက်လာသော တပ်များ လမ်းမမှားရန် သစ်ပင်တွင် လမ်းညွှန် ဆိုင်းဘုတ်ကလေးများ ရေးကာ ရိုက်ကပ်ခဲ့ကြသည်။

သို့သော် မိုက်ရူးရဲ ရွာသားများက မချင့်တွက်ဘဲ ဆိုင်းဘုတ်များကို လမ်းစဉ် လွှဲပြောင်း၍ ကပ်ကြသည်။ အကျိုးကား ဂျပန်တပ်များ လမ်းမှားနယ်ကျွံကာ ရွာများအား လိုက်မွှေကြသည်။

ဂျပန်တပ်ကြီးတစ်တပ်မှာ ပေါက်ခေါင်းဆီသို့ ကျွံ၍ထွက်သွားပါ၏။ ပေါက်ခေါင်း မြို့ကို ဒေါသထွက်နေသော ဂျပန်များရန်မှ အဆင်သင့် ခုခံကာကွယ်နိုင်ရန်အတွက် သို့အစ်ကို ကြိုတင်၍ဆက်သားလွှတ်ချင်သည်။

ထို့ကြောင့် ဤနယ်ဘက်၌ ကျွမ်းကျင်သော သို့မောင်နှင့် ရဲဘော်နှစ်ယောက်အား တာဝန်ချသည်။ လမ်း၌ အရေးကြုံက တစ်ယောက်သည် မိမိတပ်ရင်းသို့ ပြန်၍ အစီအရင်ခံရမည်ဖြစ်ပြီး ကျန်နှစ်ယောက်က ပေါက်ခေါင်းသို့ မရောက် ရောက်ရောက်သည့်နည်းဖြင့် သွားရပေမည်။

သို့မောင် နှင့် ရဲဘော် နှစ်ယောက်သည် တောရိပ်ရွာရိပ်ကိုခိုကာ မြင်းကိုယ်စီနှင့် ကဆုန်ချ သွားကြသည်။

အမှန်မှာ သူတို့ရွေးချယ်လိုက်သော လမ်းမှာ ခါတိုင်း၌မူ ဂျပန်ရန်ကင်းရှင်းသော ဒေသများ ဖြစ်လေသည်။

သို့ရာတွင် နေဝင်ခိုက် ရဲဘော်တစ်ယောက်သည် သို့အစ်ကိုထံသို့ အပြေးကလေး ပြန်ဆိုက်လာသည်။

လမ်းတွင် တောတန်းကလေးတစ်ခုကို ဖောက်ထွက်ခိုက် ဂျပန်တပ်စုကလေး တစ်ခုနှင့် ရင်ဆိုင်တိုး၍ တိုက်ပွဲဖြစ်ကြောင်း၊ မိမိအား တပ်သို့ပြန်အစီအရင်ခံရန် အမိန့်ပေး၍ သို့မောင်နှင့် ရဲဘော်တစ်ဦးမှာ ဆက်လက်ထွက်ခွာပြေးကြကြောင်း၊ ဗိုလ်ကလေး၏ ခြေထောက် တစ်ဖက်၌ ဒဏ်ရာရသွားကြောင်း အစီအရင်ခံသည်။

သို့အစ်ကိုက ခေါင်းဆောင်ပီပီ တာဝန်ယူသွားသော ဗိုလ်ကလေးအား ချီးမွမ်းနေခိုက် ခြေထောက်တွင်သွေးစက်လက်နှင့် သို့မောင်မှာမူ ချင်းတဲငယ်တစ်ခုတွင် သတိလွတ် မေ့မြောနေခဲ့ချေပြီတကား။

# (၇)

## အရှုံးနှင့်အဆုံး

ကဆုန်ကျွမ်း၍ နှောင်းနွေမှ ဝသန်သို့ လုခဲ့ပေပြီ။ ဥဩသည်လည်း ကျွေလုနွေအား နှုတ်ခွန်းဆက်သပေပြီ။

တောတတန်းဝယ် စိန်ပန်းပင်တို့သည် ပတ္တမြားလွှာတို့ကိုဆင်မြန်းထားသည်။ ငုပန်းတို့လည်းဝါနေပါသည်။ ခပ်ဖြော့ဖြော့ဝါနေသည်။

ခပ်သဲ့သဲ့ဖြင့် သီတစ်ယောက်သာ ပိတောက်ပင်ရိပ် စမ်းရေစပ်ဝယ် မတုန်မလှုပ်ရပ်နေသည်။

တစ်ရွက် နှစ်ရွက်ဖြင့် ကြွေသက်ခဲ့သော ရွက်ဝါများအားလည်း ရေတွက်ခဲ့ရပါ၏။ ရွက်ဝါတို့နှင့်အတူ ကြွေစင်ကုန်သော ရက်များအားလည်းရေတွက်ခဲ့ပါ၏။

တပေါင်းမှသည် တန်ခူး....။ မင်းလွင်မြူး၍ ဖက်ဆွတ်ပဇ္ဇုန်လနယုန်ပင် မှုန်မှုန် ဆိုက်ရောက်ခဲ့ပေပြီ။

သီက မျှော်လင့်ချက် ကုန်ခမ်းစွာဖြင့် မတုန်မလှုပ်ရပ်နေသည်။ သို့မျက်ရည်တွေပင် ခန်းခြောက်ခဲ့ပေပြီ။

ကြွေလုလုနွေသို့ သို့မှာ သဲ့သဲ့သာ ကျန်ပါတော့၏။ နွေနှောင်း၏ နောက်ဆုံးရွက်ဝါ ယဲ့ယဲ့သာ ရှိပါတော့သည်။

ပြောင်းလဲခဲ့သည့် ရက်တွေနှင့်အမျှ သီက လောကဆိုတာအား အနိုင်နိုင်ခုခံနေရသည်။ ယခုမူ သီက လောကအား အရှုံးပေးလိုက်ရတော့မည်။ လုံးဝလက်မြှောက်ရပေတော့မည်။

သီက လက်တွင်းမှ ဓားမြှောင်ကလေးကို အသာပင်ငုံ့ကြည့်ရှာသည်။

သီမောင်၏ သတင်းအစအနကိုပင် မကြားရတော့။ တော်လှန်ရေးပြီး၍ သို့အစ်ကိုပင် ပြန်လာပေတော့မည်။ မြင်မကောင်းတော့သော ကိုယ်ကာယဖြင့် ကြောက်သောအစ်ကိုအား သီက ဘယ်လိုများရင်ဆိုင်ဝံ့ပါမလဲ။

သီက ဓားမြှောင်ကိုကိုင်ကာ ပိတောက်ပင်ရိပ်သို့နေ့စဉ်ရောက်ခဲ့ပါ၏။ တကယ်ဆိုတော့လည်း သေခြင်းတရားသည် နီးစပ်လာလျှင် ခြောက်လှန့်တတ်ပါ၏။

သီက လူဖြစ်ပါသေးသည်။ ရှင်ခြင်းကိုတပ်မက်မောသော လူဖြစ်သဖြင့် ဓားမြှောင်ကို ဆုပ်ကိုင်ရင်း နေ့စဉ် ပြန်ခဲ့မိသည်ချည်း ဖြစ်ပါ၏။ သီက ဓားမြှောင်ကို နောက်တစ်ကြိမ် ငုံ့ကြည့်ရှာသည်။ ထိုစဉ် ခပ်လှမ်းလှမ်း အိမ်ဆီမှ ဆူဆူညံညံကြားလိုက်ရသည်။

"သီရေ ညီမလေး"

မောင့် မြင်းညိုကြီး ဆိုက်လေ့ရှိသည့်နေရာတွင်လည်း လှည်းတစ်စီးထိုးဆိုက်လာသည်။ လှည်းပေါ်မှ လက်တစ်ဖက်ပြတ်နှင့် ယူနီဖောင်းဝတ် လူတစ်ယောက်ခုန်ဆင်းလာသည်။

သို့နာမည်အား အော်ခေါ်သံနှင့်မရှေးမနှောင်းမှာပင် သီ့မေမေပြေးထွက်လာပြီး သူ့အားဆီးပွေ့သည်။ သို့အစ်ကို....။

သီက အားလုံးကိုလှမ်းမြင်နေရသည်။ နောက် ဓားမြှောင်ကို ငုံ့ကြည့်ကာ အံကြိတ်လိုက်သည်။ သီ့အတွက် ဆုံးဖြတ်ချိန်သည် ရောက်ခဲ့ပေပြီ။

သို့အစ်ကိုက မိခင်အား အသာ တွန်းခွာလိုက်ကာ စမ်းချောင်းဘက်ဆီသို့ အပြေးကလေး လာသည်။

သို့ရာတွင် သူ့နမမှာ ရင်အုံတွင် ဓားစိုက်လျက်နှင့် မြေဝယ်လဲကာ ရှိနေပါပကော....။

## (၈)

## မြေခရွက်ဝါ

တစ်ရွက် နှစ်ရွက် သုံးလေးရွက်....။

ရွက်ဝါတို့သည် တဖွဲဖွဲ တဖြိုက်ဖြိုက်ကြွေလွင့်နေသည်။

လရောင်ဖျော့ဖျော့သည် နွေညဝယ် မှုန်ဝါးစွာကျဆင်းနေခိုက် လေပြင်းသည်လည်း တဟူးဟူး တိုက်ခတ်နေပါ၏။ လေကြောင့် သဲပွင့်တွေလည်း တဝေဝေလွင့်ပါးနေကြသည်။

သို့အစ်ကိုက အိမ်တွင်း၌ ခေါက်တုံ့ခေါက်ပြန် လမ်းလျှောက်နေသည်။

အမှန်မှာ သီသည် သူ၏ မျှော်လင့်ချက်ဖြစ်ပါ၏။ ခန်းခြောက်သော သူ့ဘဝ၏ စင်ကြယ်သော အပြုံးပင်ဖြစ်လေသည်။

သူက မိုက်မိုက်ကန်းကန်းဖြင့် နမသည်အား အကြင်နာမဲ့စွာမြတ်နိုးခဲ့ပါ၏။ သို့ရာတွင် သူ အသက်ပေး၍ တိုင်းပြည်အတွက် ဆောင်ရွက်နေစဉ်မှာ လှောင်အိမ်ထဲမှ ငှက်သူငယ်အား အမည်မသိသူက စော်ကားသွားလေသည်။

သူ့ဘက်ကမူ စော်ကားသည်ဟုသာ ထင်သည်။ သည့်ထက်ပို၍လည်း ဘာမှမသိရ။ သီကတစ်ယောက်ကလည်း အထုပ်အထည် ပေါ်သည့်တိုင်အောင် မိခင်ဖြစ်သူကိုပင် ကာယကံရှင်အား လျှို့ဝှက်သွားသည်။

ယခုအချိန်၌ အိုမင်းသော မိခင်ကြီးမှာလည်း သူ၏အပြစ်တင်ချက်၊ သမီးအတွက် စိတ္တဇနာ တို့ဖြင့် ကွယ်လွန်သွားခဲ့ပြီးပေပြီ။

နှမလည်းသေ၊ မအေလည်းဆုံး၊ သူ့အတွက်ဘာများကျန်ပါတော့သလဲ….။

သူကပြတ်နေသော လက်တစ်ဖက်ကို နာကြည်းစွာ ငုံ့ကြည့်သည်။

သည်ဟာမှ တိုင်းပြည်အတွက်သူရသော ဆုတံဆိပ်ဖြစ်ပါ၏။ သည်ဆုတံဆိပ်ကို ဆင်မြန်းလိုက်ရချိန်တွင် သူတို့ဖက်ဆစ်တော်လှန်ရေး တပ်မတော်သားတို့သည် နယ်ချဲ့ရှေ့မှောက်မှာ လက်နက်ချလိုက်ရပါ၏။

သူတို့သွေးနှင့် ချွေးနှင့် ရင်းနှီးခဲ့ရသမျှကို သူတို့ တစ်ခါက သွေးနှင့် ချွေးနှင့် တော်လှန်ခဲ့သော မျက်နှာဖြူသခင်ကြီးတို့ ရှေ့မှောက်မှာ အချည်းအနှီး လက်လွှတ်လိုက်ရသည်။

တိုင်းပြည်အတွက်တော့ ကန္ဒီစာချုပ်၊ တပ်မတော်ဖျက်သိမ်းရေး။

သူ့အတွက်ရော ဘာများကျန်ပါသေးသလဲ။ ဘာများ အဓိပ္ပာယ်ရှိပါသေးသလဲ။

သူသည်လက်ပြတ်အား နာကြည်းစွာ ငုံ့ကြည့်သည်။ အမှန်မှာ သူသည် ကျားနာဖြစ်ပါ၏။ နာသောကျားသည် ခဲစရာ မရှိပါက ကိုယ့်အမြီးကိုယ် ပြန်ခဲတတ်ပါ၏။

ပစ္စက္ခ လူ့စနစ်အောက်တွင် ဘယ်လိုမှအသုံးမဝင်တော့သော အင်္ဂါမစုံသူတစ်ဦး အဖြစ်နှင့် နှမသည်အား စော်ကားသွားသူအား လက်စားချေရေးအတွက် လိုက်လံရှာဖွေခဲ့သည်။

တစ်နှစ်ရှိပေပြီ။ အမျိုးအမည်မသိသော ရန်သူအား သူမတွေ့ရ။

နောက်ဆုံးတွင် ကြိတ်မနိုင်ခဲမရနှင့် ရွှေဂူရွာသို့သာ ပြန်ရောက်ခဲ့သည်။

သူသည် ညဉ့်နက်ပြီဖြစ်သော်လည်း အိမ်တွင်း၌ ခေါက်တုံ့ခေါက်ပြန် လမ်းသလားနေသည်။

အပြင်ဘက်မှ လေဒဏ်ကြောင့် သစ်ရွက်ချင်း ပွတ်တိုက်သံသည် တရှဲရှဲနှင့် လွင့်ဝင်လာသည်။

သူသည် ပြတင်းဝမှရပ်ကာ စမ်းချောင်းဘက်သို့ မျှော်ကြည့်မိသည်။

လရောင်ဝယ် မှေးမှိန်စွာဖြင့် ပိတောက်ပင်ရိပ်ဆီမှ သို့မြေပုံအား လှမ်းမြင်ရသည်။ ထိုစဉ် မမျှော်လင့်သော အရာတစ်ခုကို သူတွေ့လိုက်ရသည်။

သို့မြေပုံဘေးမှာ ဒူးထောက်လျှက်နှင့် လူတစ်ယောက်....။

သူသည် လျှို့ဝှက်ထားသော ခြောက်လုံးပြူးကို ဆွဲယူကာ လေတဟူးဟူးတိုက်နေသော အပြင်ဘက်သို့ ပြေးထွက်ခဲ့သည်။ သစ်ရွက်တွေသည် လေ၌လွင့်ကာ သူ့ကိုယ်အား ဆီး၍ပုတ်ခတ်လာသည်။ သူကမူ ဘာမှသတိမရ၊ လေအားဆန့်ကျင်ကာ ပြင်းသောအဟုန်ဖြင့် ပြေးနေသည်။

အနားရောက်ကာမှ အရှိန်ကို လျှော့ကာ ခြေဖျားထောက်၍ လျှောက်ခဲ့သည်။ ထိုစဉ် ညည်းညူသံသဲ့သဲ့ကို ကြားလိုက်ရသည်။

"သီသီ....မောင့်ကိုခွင့်လွှတ်ပါကွယ်"

သို့အစ်ကို သည်ခေတ္တငြိမ်သက်သွားမိသည်။ နောက်တခဏတွင်မူ သူ့ပါးစပ်မှ သူကိုယ်တိုင်မသိလိုက်သော အသံတစ်မျိုးထွက်သွားသည်။

ခဏချင်းမှာပင် သူ့သေနတ်ပြောင်းဝမှ မြည်ဟည်းသောအသံနှင့်အတူ မီးနှစ်ချက် ပွင့်သွားသည်။ သူအလလ ရှာဖွေခဲ့သော ရန်သူအားတွေ့ခဲ့ပေပြီ။ မမျှော်လင့်ဘဲ တွေ့လိုက်ရသဖြင့် တစ်ခါက တိုင်းပြည်သူရဲကောင်းအဖြစ်နှင့် စစ်ပွဲ၌ ဦးဆောင်ခဲ့ဖူးသော လူတစ်ဦးအား နောက်မှနေ၍ တိတ်တဆိတ် ပစ်သတ်လိုက်မိပေပြီ။

လရောင်ဝယ် အငွေ့တလူလူထွက်နေသော သေနတ်ကို ဆုပ်ကိုင်ရင်း သူ့ရှေ့၌ ယိမ်းယိုင်ကာ မှောက်ခုံလဲသွားသော လူတစ်ယောက်အား မတုန်မလှုပ်ရပ်ကြည့်နေမိသည်။

သူ့ရန်သူသည် မြေပြင်သို့လဲကျသွားကာမှ ကိုယ်တွင်မှီထားသည့် သူစောစောက သတိမထားမိသော အရာတစ်ခုသည်လည်း မြေပြင်သို့ လဲကျသွားသည်။

သစ်သား ချိုင်းထောက်ကြီးတစ်ခု....။

သူသည် ငိုင်နေရာမှ မျက်နှာကို ကြည့်ရှုရန် သူ့ရန်သူ၏အလောင်းနားသို့ ချဉ်းကပ်ထိုင်လိုက်သည်။ ခဏမှာပင် သူ့ပါးစပ်က အာမေဋိတ်သံတစ်ခု ထွက်လာသည်။

သူ့ရန်သူမှာ ခြေတစ်ဖက်မရှိ။

ချက်ခြင်းပင် သူသည် ပျော့ခွေနေသော အလောင်းအား ပွေ့ယူလှန်ကြည့်လိုက်သည်။

သူ့ရန်သူသည် ညှိုးနွမ်းနေသော စစ်ဝတ်စုံအား ဝတ်ထားပါ၏။ ရှည်လျား ဖွာဝေနေသော ဆံပင်များ၏ အုပ်ဆိုင်းနေခြင်းကို ဖယ်ရှားပစ်လိုက်၍ မျက်နှာအား စေ့စေ့ကြည့်မိစဉ်....သူ့သဏ္ဍာန်မှာ အံ့သြဝမ်းနည်းခြင်းအဖြစ်သို့ ပြောင်းလဲသွားသည်။

“ဗိုလ်....စော....လွင်....”

သူ့ပါးစပ်မှ စကားလေး သုံးလုံးသာ ထွက်ပေါ်လာသည်။

လရောင်က မှုန်ဝါးစွာနှင့် သူတို့ပေါ်ကျဆင်းနေသည်။ လက်တစ်ဖက်လပ်နှင့် လူတစ်ယောက်က ပျော့ခွေနေသော အလောင်းအားပွေ့ပိုက်ရင်း သူ့ကိုယ်ဆီသို့ ဆက်စီးကျလာသော သွေးများကို ကြောင်ကြောင်ငေးကြည့်နေမိသည်။

သူနားလည်လိုက်ပေပြီ။ နားလည်သွားသောကြောင့်ပင် ကျောက်ရုပ်၏သို့ မတုန်မလှုပ် ငြိမ်နေသည်။

နောက်တခဏကြာသော်....သေနတ်သံ နှစ်ချက်သည် ဆင့်ကာဆင့်ကာ ပေါ်ထွက်လာသည်။ တောတန်းဝယ် အိပ်မောကျနေသော ငှက်များသည် အလန့်တကြား ထပျံသန်းကြသည်။ အတန်ကြာ တိတ်ဆိတ်သွားကာမှ ဥသြငှက်တစ်ကောင်၏လေးတွဲ့တွဲ့ ညည်းညူသံသည် မှန်မှန်ထွက်ပေါ်နေသည်။

လရောင်ဖျော့ဖျော့ဝယ် လေညင်းသည် တဟူးဟူးတိုက်ခတ်နေပါ၏။ ပင်မသည် လေဒဏ်ဝယ် တနွဲ့နွဲ့နှင့် မြည်ဟည်းနေစဉ် ရွက်ဝါများသည်လည်း တဖြိုက်ဖြိုက် ကြွေဆင်းမြဲ ကြွေဆင်းနေပါ၏။

နွေတွင်ဖြစ်သဖြင့် ရော်ရွက်တို့သည်ပင်မကို စွန့်ခွာရပေမည်။ လေသရမ်းသည်လည်း ကြမ်းရပေမည်။ သို့သော် လရောင်ဖျော့ဖျော့ ပိတောက်ပင်ရိပ် မြေမို့ပေါ်မှ လူနှစ်ယောက်၏ အတ္ထုပ္ပတ္တိပြီးဆုံးခြင်းကိုမူ အဘယ်သူသည် သိလာလိမ့်အံ့နည်း။

# (၉)

မုန်ပါ၏။

ယုံမယုံမှာ သင့်အလိုအတိုင်းသာရှိပါစေတော့....။

သို့ရာတွင် တစ်ရွက် နှစ်ရွက် သုံး လေးရွက်သည် ရွက်ဝါမြေခ တိုင်ပြီဆိုပါစို့....။

လိမ့်ကာ လိမ့်ကာ လူးလွန့်၍ ပင်စွန့်ရွေလွှာ မြေမှာဖုံးပြီဆိုပါစို့....။

ရော်ရွက်ဝါဖုံး မြေအလုံးကို ဖျော့ဖျော့လရောင် မှုန်းပြီဆိုပါစို့....။

ရွှေဂူရွာ၏လရောင်ပက်သော ကပြင်စွန်းမှ ပုံပြင်ဝယ် သီ၊ သီမောင် နှင့် သီအစ်ကိုတို့ကို မြင်ရကြောင်း ထည့်သွင်း ပြောလေ့မဆုံးရှိကြသည်။

ယုံမယုံမှာ သင့်အလိုအတိုင်းသာရှိပါစေတော့....။

**တက္ကသိုလ်ဘုန်းနိုင်**

(သစ္စာမဂ္ဂဇင်း–၁၉၅၁ ခု၊ ဩဂုတ်လ မှ)